
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများ၊ အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားနေသော တိုက်ပွဲများအပြင် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများလည်း ပိုများလာပါသည်။ အဆိုပါ တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အများဆုံးဖြစ်ခဲ့ပြီး ၅၇ ဦး ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးမှု ၁၄၉ ဦးကျော် ရှိခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# ISP-MYANMAR


www.ISPMyanmar.com

22 August, 2021

# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




■ **တိုက်ပွဲဖြစ်ပွားခဲ့သော နေရာများ**

● အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု

● တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု

● အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု


**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ ဩဂုတ် ၂၀ ရက်အတွင်း** မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုး ခွဲခြားထားပြီး အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီ ဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်နယ်မြေများအတွင်း ဖြစ်ပွားသောတိုက်ပွဲများ





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း ဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၇၆၀ ကြိမ်ထက် မနည်း ရှိခဲ့ပါသည်။ အများစုမှာ KNU နယ်မြေများအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများဖြစ်သည်။ KNU သတင်းနှင့်ပြန်ကြားရေးဌာန Thoolei News ၏ ထုတ်ပြန်ချက်အား ကိုးကားခဲ့သည့် မဇ္ဈိမ သတင်းဌာနက **ဇူလိုင်လအတွင်း ကရင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုတွင် တိုက်ပွဲ ၁၈၀ ခန့်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီနှင့် လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၅၀ ခန့် သေဆုံးခဲ့ကြောင်း**ဖော်ပြခဲ့သည်။ ထို့အပြင် ဇူလိုင်လမှ စ၍ ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးနှင့် ပန်ဆိုင်း(ကျူကုတ်) ဒေသတို့အတွင်း MNDAA အဖွဲ့နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲအရေအတွက် ငါးကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများ




၂၀၂၁ ခုနှစ် ဧပြီလမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အရပ်သားသေဆုံးသူ ၂၈ ဦး ရှိခဲ့ပြီး အများဆုံးဖြစ်သည်။ ဧပြီမှ ဩဂုတ် ၂၀ ရက်အထိ ဖြစ်ပွားခဲ့သော အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးသူ ၄၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၆ ဦးထက်မနည်း ရှိလာခဲ့သည်။ **ယခုဖော်ပြပါ အချက်အလက်များသည် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ စာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။**

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များ

စစ်အာဏာသိမ်းပြီးနောက်
တိုးလာသည့်အရေအတွက်

၂၅၉,၆၀၀+

ပြည်တွင်းဒုက္ခသည်
စုစုပေါင်း
၇၅၇,၁၀၀+

၄၉၇,၅၀၀+

ယခင် ရှိထားသော
အရေအတွက်

ပြည်ပဒုက္ခသည်
စုစုပေါင်း
၉၇၂,၀၀၀+

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။

လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၀ ရက်အထိ စုစုပေါင်း ၇၅၇,၁၀၀ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၂၅၉,၆၀၀ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက်တိုးလာသည့်အရေအတွက်ဖြစ်သည်။ ဖေဖော်ဝါရီ၁ရက်မှဇွန်၂၃ရက်အထိစစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ၂၂၈,၀၀၀ ကျော် **(အလေးထားရမည့်အကြောင်း အချက်များ အမှတ်-၃၃ ကိုရှု)** ရှိခဲ့ရာမှ ယခု ၂၅၉,၆၀၀ ကျော်အထိ ရှိလာသဖြင့် အဆိုပါ ကာလအတွင်း ၃၁,၆၀၀ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် ဩဂုတ်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း (ကြူကုတ်) ဒေသအတွင်း MNDAA အဖွဲ့နှင့် စစ်ကောင်စီတို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၁,၄၀၀ ကျော်ခန့်မှာ တရုတ်-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

22 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ ဧပြီလမှစ၍ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ပစ်ခတ်မှုများ ဖြစ်ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၉,၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထို့အပြင် ဩဂုတ်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း (ကျူကုတ်) ဒေသအတွင်း MNDAA အဖွဲ့နှင့် စစ်ကောင်စီတို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၁,၈၀၀ ကျော်မှာ ထွက်ပြေးတိမ်းရှောင်နေရပြီး ၎င်းတို့အနက် ၁,၄၀၀ ကျော်ခန့်မှာ တရုတ်-မြန်မာ နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကယားပြည်နယ်**

ဩဂုတ်လအတွင်း ကယားပြည်နယ်၌ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့အကြား စစ်ရေး ပိုမိုပြင်းထန်လာသည်။ တိုက်ပွဲဖြစ်ပွားသည့်ဒေသများဖြစ်သော ဖယ်ခုံမြို့နယ်မှ ရွာများ၊ ဒီမော့ဆိုးမြို့နယ်ရှိ ရွာများမှ ဒေသခံပြည်သူ ၅,၀၀၀ ကျော်ခန့်မှာ စစ်ရှောင်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ချင်းပြည်နယ်**

ဩဂုတ် ၁၃ ရက်မှစ၍ ချင်းပြည်နယ် မင်းတပ်မြို့တွင် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများ ပြင်းထန်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၄,၀၀၀ ကျော်ခန့် ထပ်မံ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်ကောင်စီတို့အကြားတွင်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အချင်းချင်းအကြားတွင်လည်းကောင်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများကြောင့် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ဒေသခံပြည်သူ ၁၂,၀၀၀ ကျော်ခန့်မှာ ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဩဂုတ်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း (ကျူကုတ်) ဒေသအတွင်း MNDAA အဖွဲ့နှင့် စစ်ကောင်စီတို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၁,၈၀၀ ကျော်မှာ ထွက်ပြေးတိမ်းရှောင်နေရပြီး ၎င်းတို့အနက် ၁,၄၀၀ ကျော်ခန့်မှာ တရုတ်-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း**

စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး စစ်ကိုင်းတိုင်းအတွင်း စစ်ရှောင်ပြည်သူ ၅,၀၀၀ ကျော်နှင့် မကွေးတိုင်းမှ ဒေသခံပြည်သူ ၁,၀၀၀ ကျော်တို့မှာ ဘေးလွတ်ရာသို့ ထပ်မံ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


22 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၉)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးရမှု ၁၄၉ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၁၃၆ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက်ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး၊ မတ်တွင် ၁၆ ဦး၊ ဧပြီတွင် ၃၆ ဦး၊ မေတွင် ၂၂ ဦး၊ ဇွန်တွင် ၅၇ ဦး၊ ဇူလိုင်တွင် ၆ ဦးနှင့် ဩဂုတ်လအတွင်း သေဆုံးသူ ၁ ဦး ရှိခဲ့သည်။




၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၀ ရက်အထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၃၃၈ ဦး ကျော် ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၇၄ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံးဖြိုခွင်းမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ဩဂုတ် ၂၀ ရက် အတွင်း သေဆုံးရသူ ၁,၀၀၇ ဦးကျော် ရှိလာခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။